မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 22 , 2026 | Volume 98, Number 15

၂၂. ၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၄.၅၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၂၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၃၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၈.၄၂ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၉.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၉၃ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြောင်းဈေး အနည်းငယ်လှုပ်လာ




မြန်မာ့ပြောင်းများကို ဖေဖော်ဝါရီလမှစ၍ ထိုင်းနိုင်ငံသို့ ပြန်လည် တင်ပို့တော့မည်ဖြစ်တဲ့အတွက် ဈေးကွက်အတွင်း အနည်းငယ် လှုပ်ခတ်လာကြောင်း ပြောင်းကုန်သည်များနှင့် လုပ်ငန်းရှင်များထံက သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှပြောင်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဖေဖော်ဝါရီ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ အထိ ၇ လ သာတင်ပို့ခွင့်ပြုထားသောကြောင့် မြန်မာနိုင်ငံမှ exporter များအနေဖြင့် စက်တင်ဘာလမှ ဇန်နဝါရီလကုန်အထိ တင်ပို့မှုကို ရပ်နားခဲ့ကြပါတယ်။

ထို့ကြောင့် မကြာမီပြန်လည်တင်ပို့ခွင့်ရရန် ဆယ်ရက်ခန့်သာလိုတော့သောကြောင့် ပြောင်းဈေးကွက်များ ပြန်လည်လှုပ်ခတ်လာကြောင်း သိရသည်။

" ပြောင်းက ထိုင်းနိုင်ငံကို အဓိကထားတာ ထိုင်းတင်ပို့မှုရပ်ပြီးကတည်းက ပြောင်းဈေးအကျဘက်မှာ ငြိမ်နေတာ၊ တခြားနိုင်ငံတွေ အနည်းငယ်တင်ပို့နေပေမဲ့ ပြောင်းဈေးတွေက ထင်သလောက်ဈေးမရတာပါ၊ အခုက ထိုင်းနိုင်ငံကို ဖေဖော်ဝါရီလမှစပြီး ပြန်လည် တင်ပို့နိုင်တော့မှာပါ ။ ထိုင်းနိုင်ငံမှာတော့ ဈေးကွက်လှုပ်လှုပ်ဖြစ်လာတယ်။ စောင့်ကြည့်ရမဲ့ အနေအထားပါ ချက်ချင်းကြီးတော့ ဈေးရမယ်မထင်ဘူး "ဟု ပြောင်းလုပ်ငန်းရှင်တစ်ဦးကပြောသည်။

သို့သော် ထိုင်းနိုင်ငံ၏ ပြောင်း လိုအပ်ချက်သည် တန်ချိန်ပေါင်း ခြောက်သန်းကျော် ရှိနေသည့်အတွက် မြန်မာပြောင်းအတွက် အခြေအနေကောင်းသည့် ဈေးကွက်တစ်ခုရနိုင်ကြောင်းလည်း သိရသည်။

" အခု မူဝါဒတွေ ထပ်တိုးတာတွေရှိတယ်လို့သိရတယ်။ ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်တင်ပို့မဲ့သူတွေ စိုက်ပျိုးတဲ့အချိန်က မီးရှို့ခြင်းကင်းရှင်းကြောင်းထောက်ခံချက်ပြရမယ်လို့ ပြောနေကြတယ် ။ အခုထိတော့ စောင့်ကြည့်နေတုန်းပ" ဟု ပြောင်းကုန်သည်တစ်ဦးကပြောသည်။

ထိုင်းနိုင်ငံသို့ တင်ပို့မှုရပ်နားထားသည့် ကာလတွင် တရုတ်နိုင်ငံသို့ တင်ပို့နေကြခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသို့ ပြန်လည် တင်ပို့နိုင်ပါက ကုန်သည်တချို့မှာ တရုတ်နိုင်ငံသို့ တင်ပို့မှုရပ်နားကြမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှာတော့ ပြောင်းတစ်ပိဿာကို ၁၄၃၀ မှ ၁၄၅၀ ကျပ်အထိ ပြန်လည်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မြန်မာ့ဒေသထွက် ပြောင်းသီးနှံများ၏ ၅၀ရာခိုင်နှုန်းခန့်ကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေရပြီး တရုတ်၊ ဖိလစ်ပိုင်စသည့်နိုင်ငံများကိုလည်း အနည်းငယ်တင်ပို့လျက်ရှိကြောင်းသိရသည်။

ယခင်က မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံသို့ နယ်စပ်မှ အဓိကတင်ပို့ခဲ့ခြင်းဖြစ်ပြီး လက်ရှိတင်ပို့မည်ဆိုပါက နယ်စပ်ကုန်သွယ်မှုမှ အဆင်မပြေသည့်အတွက် ပင်လယ်ရေကြောင်းမှ အဓိကထား တင်ပို့ရမည်ဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် က ထိုင်းနိုင်ငံသို့ပြောင်းတန်ချိန် (၁၁သမ၈)သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်းသိရပြီး ယခု ၂၀၂၆ ခုနှစ်တွင်လည်း ယင်းပမာဏအတိုင်း တင်ပို့နိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

**Source :** https://htwettoe.com/

## ပဲတီစိမ်းခွဲ ဈေးတက်သော်လည်း အရောင်းအဝယ်သွက်နေ




ပဲတီစိမ်းအခွံများ ယခင်နှစ်ထက်ဈေးတက်သော်လည်း ပဲပေါ်စကာလဖြစ်၍ လတ်ဆတ်ပြီးဈေးသင့်နေခြင်းကြောင့် တိရစ္ဆာန်အစာအတွက် ဝယ်ယူစုဆောင်းသူများနေပြီး အရောင်းအဝယ်သွက်နေကြောင်း ပဲတီစိမ်းခွံရောင်းဝယ်သူများက ပြောပါတယ်။

အဆိုပါ ပဲတီစိမ်းအခွံမှာ ဈေးကွက်သီးသန့်ရှိနေပြီး ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပဲတီစိမ်းအခွံ ငါးတင်းအိတ်ပြည့် အိတ်ခွံအပါ တစ်အိတ်လျှင်အထိုင်ဈေး ကျပ် ၅,၀၀၀ ဝန်းကျင်ဈေးပေါက်ခဲ့ရာမှ လက်ရှိတွင် ငါးတင်းအိတ်ပြည့် တစ်အိတ်ကို အထိုင်ဈေး ကျပ် ၇,၅၀၀ ဝန်းကျင်ဈေးပေါက်နေတယ်လို့ သိရပါတယ်။

"ဒီကာလဝယ်စုမှပဲ ဈေးသင့်ပြီး လတ်လတ်ဆတ်ဆတ်ရနိုင်တယ်။ အခုကလည်း အမှာများပါတယ်၊ အိတ်ရာနဲ့ချီပြီးမှာကြတယ်။ ပို့ရင်တော့ နေရာပေါ်မူတည်ပြီး ဈေးယူတယ်။ သန်လျင်ဆိုရင် အိတ်ခွံအပါ တစ်အိတ်ကိုးထောင်လောက်၊ တချို့ဆိုရင် မြောင်းတကာဘက်ကမှာတယ်။ အဲဒါဆိုရင်တစ်အိတ် ၁၀,၅၀၀ ကျပ်လောက် ယူတာပေါ့။ အိတ်ခ၊ ကားခ၊ အလုပ်သမား အတင်အချခအတွက် ယူတာပေါ့။ အခုချိန်က ပဲသစ်ထွက်ချိန်မို့လို့ ဒီဈေးနဲ့လိုသလောက်ရတယ်။ နောက်ပိုင်းဈေးတက်မှာပေါ့"လို့ ရန်ကုန်၊ ခရမ်းမြို့နယ်မှ ပဲတီစိမ်းခွံရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

ပဲတီစိမ်းခွံကို အဓိကအားဖြင့် တိရစ္ဆာန်အစာအဖြစ် ဝယ်ယူစုဆောင်းသူ ပိုများတယ်လို့ သိရပါတယ်။

ပဲခွံတွင် အမျှင်ဓာတ်နှင့်ပရိုတင်းဓာတ်အသင့်အတင့်ပါဝင်သည့်အတွက် နွားစာစပ်သည့်နေရာတွင် အဓိကကုန်ကြမ်းအဖြစ်သုံးကြပြီး ဆိတ်နှင့်သိုးများကလည်း ပဲခွံအလွန်ကြိုက်သဖြင့် မွေးမြူသူများက ယခုရာသီတွင် ပဲတီစိမ်းခွံများကို အစာအဖြစ်

ရာနှင့်ချီ ဝယ်ယူသိုလှောင်ကြကြောင်း၊ ပဲခွံအနုဖြစ်သည့် ပဲမှုန့်များကို အခြားအစာများနှင့်ရောစပ်ပြီး ငါးစာ၊ဝက်စာအဖြစ်လည်း သုံး ကြကြောင်း ပဲတီစိမ်းခွံရောင်းဝယ်သူများက ပြောပါတယ်။

ဒါ့ပြင် ပဲတီစိမ်းခွံမှာ နိုက်ထရိုဂျင်ကြွယ်ဝသည့်အတွက် စိုက်ပျိုးရေးတွင်သဘာဝမြေသြဇာအဖြစ် သုံးစွဲကြသူများလည်း ရှိပြီး ပဲခွံသီးသန့် (သို့မဟုတ်) နွားချေးနှင့်ရောနှော၍ အဆွေးခံကာ သဘာဝမြေသြဇာအဖြစ် သုံးကြခြင်းဖြစ်ပါတယ်။

သီးနှံစိုက်ခင်းများတွင် မြေဆီလွှာ အစိုဓာတ်ထိန်းရန်နှင့် ပေါင်းပင်မပေါက်စေရန် မြေဖုံးသည့်နေရာတွင် သုံးကြသကဲ့သို့ မှို စိုက်ပျိုးရာတွင်လည်း အောက်ခံကုန်ကြမ်းအဖြစ် ပဲခွံများကိုအသုံးပြုကြတယ်လို့ ပဲတီစိမ်းခွံရောင်းဝယ်သူများက ဆိုပါ တယ်။

ပဲတီစိမ်းခွံများကို အချို့စက်ရုံများတွင် ဘွိုင်လာအပူပေးရန် လောင်စာအဖြစ်သုံးစွဲကြသလိုပဲခွံကိုဖိသိပ်ကာ မီးသွေးတောင့် ပြုလုပ်ပြီး လောင်စာအဖြစ် ပြန်လည်ရောင်းချသူများလည်း ရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကော်ဖီ ၁၀၆ ဧက တိုးချဲ့စိုက်ပျိုးရန်လျာထား



မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးကြီးမှူး၍ မွန်ပြည်နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကော်ဖီ ၁၀၆ ဧက တိုးချဲ့ စိုက်ပျိုးရန်လျာထားကြောင်း မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် ယခုအခါ ကော်ဖီပျိုးပင်များကို ကြိုတင်ပျိုးထောင်ထားရှိပြီး အဆိုပါပျိုးပင်များကို တောင်သူများအား အခမဲ့ဖြန့်ဝေပေးကာ တိုးချဲ့စိုက်ပျိုးမည်ဖြစ်သည်။

ထို့ပြင် တောင်သူများအား ကော်ဖီပင်များအတွက် လိုအပ်သော ဓာတ်မြေသြဇာနှင့်စိုက်ပျိုးရေးနည်းစနစ်များကို ပံ့ပိုးကူညီကာ ရောဂါ ပိုးမွှားများ ကာကွယ်နှိမ်နင်းနိုင်စေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

"လက်ရှိ မွန်ပြည်နယ်မှာ ကော်ဖီစိုက်ဧကပေါင်း ၁၁၆ ဧက စိုက်ပျိုးထားရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာ ကော်ဖီ စိုက်ဧကပေါင်း ၁၀၆ ဧကလောက် တိုးချဲ့စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။လက်ရှိရော်ဘာပင်တွေကြားမှာ စိုက်ပျိုးထားတဲ့ ကော်ဖီစိုက်ခင်းတွေရှိပါတယ်။ကော်ဖီစိုက်ခင်းတွေမှာ တောင်သူတွေကို ကော်ဖီစိုက်နည်းစနစ် အသိပညာပေးဖြန့်ဝေတာတွေ စိုက်ပျိုးရေးဦးစီးဌာနကဝန်ထမ်းတွေ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မွန်ပြည်နယ်၌ ရိုဘတ်စတာမြေနိမ့်ကော်ဖီပင်များကို နှစ်ရှည်သီးနှံပင်ဖြစ်သော ရော်ဘာပင်များကြား စိုက်ပျိုးထားပြီး ထိုသို့ စိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် ဝင်ငွေတိုးတက်ရရှိစေရန်၊ ဒေသအတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန်နှင့် လူနေမှုဘဝများတိုးတက်မြင့်မားလာစေရန် ရည်မှန်းထားကြောင်း သိရသည်။

မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ စိုက်နည်းစနစ်မှန်ကန်စေရန်၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန်နှင့်ကော်ဖီပင်များကို လျာထားကေပြည့်မီစေရန် လိုအပ်သည်များ ပံ့ပိုးကူညီမည်ဖြစ်ပြီးလာမည့်နှစ်များတွင်လည်း တိုးချဲ့ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## အောင်လံ၌ ကျပ်သိန်း ၃၀ ခန့်ရှိဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ရဲ့ ဆိုင်ကယ်ဈေးကွက်ထဲမှာ ကျပ်သိန်း ၃၀ ဝန်းကျင် ဆိုင်ကယ်အသစ်တွေကို ဝယ်ယူသူများပြီး အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေဆီက သိရပါတယ်။

အောင်လံမြို့ ဆိုင်ကယ်အသစ်ဈေးကွက်ထဲမှာ အများဆုံးက တရုတ်နိုင်ငံထုတ်ဆိုင်ကယ်တွေဖြစ်ပြီး အနိမ့်ဆုံး ကျပ် ၂၇ သိန်း ကနေ ကျပ် သိန်း ၃၀၊ အမြင့်ဆုံး ကျပ်သိန်း ၄၀ အထိရှိတယ်လို့ဆိုပါတယ်။

အခုရာသီအချိန်ကာလက ပွင့်လင်းရာသီချိန်မို့ တောင်သူတွေရဲ့ သီးနှံအရောင်းအဝယ်ကောင်းတဲ့ပေါ်မူတည်ပြီး ဆိုင်ကယ်အရောင်းအဝယ်ကောင်းလာတာဖြစ်တယ်လို့ဆိုပါတယ်။

အောင်လံဆိုင်ကယ်ဈေးကွက်ထဲမှာ ထိုင်းနိုင်ငံထုတ် Honda ဆိုင်ကယ်အသစ်တွေကတော့ အဝင်နည်းပြီး တစ်စီးကို ကျပ်သိန်း၉၀ ကနေကျပ်သိန်း ၁၀၀အထိဈေးပေါက်နေတယ်လို့ဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေဆီက သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မကွေး၌ဆီးသီးပေါ်ချိန်တွင် ဈေးကောင်းရနေ



မကွေးမြို့မှာ အခုရာသီဟာ ဆီးသီးပေါ်ချိန်ဖြစ်ပြီး ရာသီစာအနေနဲ့ စားသုံးမှုများသလို ဈေးကောင်းရနေတယ်လို့ ရောင်းချသူတွေရဲ့ ပြောကြားချက်အရသိရပါတယ်။

လက်ရှိရောင်းချနေတဲ့ ဆီးသီးအမျိုးအစားတွေကတော့ ဒေသအခေါ်အဝေါ်တွေဖြစ်တဲ့ လေးပင်ကြက်တူရွေး၊ လေးပင်သံချေးတက်၊ စလေဆီးသီးနဲ့ ဆီးကြက်ဥတွေကို အများဆုံး ရောင်းချနေကြတာဖြစ်ပြီး လက်ရှိရောင်းချနေတဲ့ ဆီးသီးထဲမှာ လေးပင် ကြက်တူရွေးဆီးသီးက လူကြိုက်များသလို ရောင်းအားအကောင်းဆုံး ဖြစ်တယ်လို့ ဆိုပါတယ်။

ဆီးသီးကို မကွေးတိုင်းဒေသကြီးအတွင်းရှိ စလေမြို့နယ်၊ မင်းဘူးမြို့နယ်အတွင်းကကျေးရွာတွေနဲ့ ရွှေစက်တော်ဘုရားကိုသွားတဲ့လမ်းမှာရှိတဲ့ လေးပင်ရွာကနေ မှာယူရောင်းချကြတာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့နှစ်က ဆီးသီးတစ်ပြည်ကို အမြင့်ဆုံး ငွေကျပ် ၈၀၀၀ ကျော်ရှိခဲ့ပြီး အခုနှစ် ဆီးသီးဈေးနှုန်းကတော့ လေးပင်ကြက်တူရွေးဆီးသီး တစ်ပြည်ကို ၁၂,၀၀၀ ကျပ်နဲ့ လေးပင်သံချေးတက်ဆီးသီး တစ်ပြည်ကို ၁၃,၀၀၀ ကျပ်လောက်ထိ ဈေးကောင်းရရှိနေတယ်လို့ မကွေးမြို့က ဆီးသီးရောင်းချသည့်သူတစ်ဦးက ပြောပါတယ်။

ဆီးသီးဟာ တစ်နှစ်တစ်ခါသာပေါ်တဲ့ ရာသီစာသီးနှံဖြစ်ပြီး ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်တာကြောင့် ကျန်းမာရေးအတွက်အထောက်အကူပြုဖို့ရည်ရွယ်ပြီး စားသုံးကြတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## အစားအသောက်လုပ်ငန်းများကို အထောက်အကူပြုရန်အတွက် Enterprise Singapore နှင့် Grab တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

စင်ကာပူအစားအသောက်လုပ်ငန်းကဏ္ဍ အားကောင်းစေရန်အတွက် Enterprise Singapore နှင့် Grab တို့အကြား နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ကြောင်းEnterprise Singapore က ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

နားလည်မှုစာချွန်လွှာသက်တမ်းမှာ ၃ နှစ်ဖြစ်ပြီးလုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်မြင့်တက်လာခြင်းနှင့် လူ့စွမ်းအား အရင်း အမြစ်လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်ရည်ရွယ်သည်။

ကုမ္ပဏီပေါင်း ၁၂,၀၀၀ ကျော်မှာအစားအသောက်လုပ်ငန်းကဏ္ဍဆိုင်ရာ အဓိကအချက်အလက်များ၊ လုပ်ငန်းဆိုင်ရာ အသိ အမြင်များကို ရယူနိုင်မည်ဖြစ်ပြီးလုပ်ငန်းများ၏ တိုးတက်မှုမဟာဗျူဟာကို ပြုပြင်ပြောင်းလဲရန် ကူညီပေးနိုင်မည်ဖြစ်သည်။

နှစ်စဉ်ကုမ္ပဏီပေါင်း ၄၀၀ ကျော်မှာ စွမ်းဆောင်ရည်မြှင့်သင်တန်းများတွင်ပါဝင်နိုင်မည်ဖြစ်ပြီး Grab ၏အစားအသောက် မှာယူမှုအပိုင်းတွင် စားသောက်ဆိုင်များ၊ အစားအသောက်လုပ်ငန်းများကို ပါဝင်စေမည်ဖြစ်သည်။

နားလည်မှုစာချွန်လွှာအရ ဈေးကွက်ရရှိနိုင်မှုနှင့်စားသုံးသူများ၏ ဝယ်လိုအားကို မြှင့်တင်ပေးခြင်း၊ လုပ်ငန်းတိုးတက်ရန်နှင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်သည့်အချက်အလက်များပံ့ပိုးပေးခြင်း တို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

Grab အသုံးပြု၍ မှာယူစားသောက်မှုများပြားလာစေရန် သတ်မှတ်ရွေးချယ်ထားသည့် နေရာများရှိ လုပ်ငန်းများ၊ ဆိုင်များ ကို Grab ၏ Dine Out တွင် ပါဝင်ခွင့်ပြုမည်ဖြစ်သည်။

မှာယူစားသုံးသူများ များပြားလာစေရန် အရောင်းမြှင့်တင်နိုင်မည်ဖြစ်ပြီး Grab အသုံးပြုသူများကို ဦးတည်၍ ဈေးကွက် ရှာဖွေနိုင်မည်ဖြစ်သည်။

နားလည်မှုစာချွန်လွှာအရ စားသုံးသူများ၏ကြိုက်နှစ်သက်မှုအလားအလာအစီရင်ခံစာများ၊ဒီဂျစ်တယ်ဈေးကွက်ရှာဖွေရေး နည်းလမ်းများကို အစားအသောက်လုပ်ငန်းကဏ္ဍရှိ လုပ်ငန်းရှင်များ သိမြင်နားလည်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ အစီရင်ခံစာများသည်စားသုံးသူများ၏လိုလားကြိုက်နှစ်သက်မှုများကို ပိုမိုနားလည်စေပြီး အစားအသောက် စီးပွား ရေးလုပ်ငန်းများအတွက် လိုက်ပါဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်သည်။

GrabAcademy မှအလုပ်ရုံဆွေးနွေးပွဲများ၊စီးပွားရေးဆိုင်ရာ မဟာဗျူဟာများပြန်လည်ဆန်းစစ်ပြင်ဆင်နိုင်ရန်နှင့် လုပ်ငန်း လည်ပတ်မှုကောင်းမွန်စေရန် သင်တန်းများပြုလုပ်ပေးမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲများတွင် အစားအသောက်လုပ်ငန်း ကဏ္ဍမှ ပညာရှင်များနှင့် စကားဝိုင်းဆွေးနွေးမှုများ၊ Grab နှင့် Enterprise Singapore မှ ထင်မြင်ချက်၊ သုံးသပ်ချက်များဖြင့် အစားအသောက်လုပ်ငန်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင် မှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

**Source: Enterprise Singapore**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေး ၅ ရာခိုင်နှုန်းတိုးတက်လာ၍ နှစ်စဉ်တိုးတက်မှုနှုန်း ရည်မှန်းချက်ပြည့်မီလာ

တရုတ်နိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်ကုန်(gross domestic product –GDP)သည် ၂၀၂၅ ခုနှစ်တွင် ယခင်နှစ် နှင့်နှိုင်းယှဉ်ပါက ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ခန့်မှန်းထားသည့် နှစ်စဉ်တိုးတက်နှုန်းရည်မှန်းချက်ကို ပြည့်မီခဲ့ကြောင်းတရားဝင် အချက်အလက်များအရသိရသည်။

၂၀၂၅ခုနှစ် တစ်နှစ်လုံးအတွက် GDP သည် ယွမ် ၁၄၀ ဒသမ ၁၉ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၂ ထရီလီယံ)သို့ရောက်ရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို (National Bureau of Statistics-NBS)မှ ထုတ်ပြန်ခဲ့သည်။

အရေးပါသော စီးပွားရေးညွှန်ကိန်းများအရ တရုတ်နိုင်ငံ၏ စီးပွားရေးသည် တည်ငြိမ်ပြီး အပြုသဘောဆောင်သောတိုးတက်မှုအလားအလာကိုပြသနေသည်။

စက်မှုကဏ္ဍထုတ်လုပ်မှုတွင် ခိုင်မာသော တိုးတက်မှုတွေ့ရပြီး အကြီးစားစက်မှုလုပ်ငန်းများ၏တန်ဖိုးမြှင့်ထုတ်လုပ်မှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၅ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

ကဏ္ဍအလိုက်ကြည့်လျှင် စက်ပစ္စည်းထုတ်လုပ်ရေး (equipment) နှင့် နည်းပညာမြင့်ထုတ်လုပ်ရေး (high-tech manufacturing)ကဏ္ဍများတွင် အထူးသဖြင့် ကောင်းမွန်သော စွမ်းဆောင်ရည်ကိုပြသခဲ့ပြီး ၎င်းကဏ္ဍများ၏ တန်ဖိုးမြှင့် ထုတ်လုပ်မှုသည် ၉ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၉ ဒသမ ၄ ရာခိုင်နှုန်းအသီးသီးတိုးတက်ခဲ့သည်။

စားသုံးသူအသုံးစရိတ်(Consumer spending)သည်လည်း ၎င်း၏ခိုင်မာမှုကို ပြသနိုင်ခဲ့သည်။စားသုံးကုန်ပစ္စည်းလက်လီရောင်းချမှုစုစုပေါင်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သဖြင့် တန်ဖိုးအားဖြင့် ယွမ် ၅၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ ထရီလီယံ)ရှိခဲ့သည်။အထူးသဖြင့် အွန်လိုင်းလက်လီရောင်းချမှုသည် ၈ ဒသမ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

ဝန်ဆောင်မှုကဏ္ဍတွင်လည်း တိုးတက်မှုရှိခဲ့ပြီး အဆိုပါကဏ္ဍ၏ တန်ဖိုးမြှင့်ထုတ်လုပ်မှု(its value- added expanding) သည် ၅ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ထို့ပြင် စုစုပေါင်းပုံသေပိုင်ရင်းနှီးမြှုပ်နှံမှု (overall fixed asset investment)တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းလျော့နည်းခဲ့သော်လည်းထုတ်လုပ်ရေးကဏ္ဍရှိရင်းနှီးမြှုပ်နှံမှုသည် ၁၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများရှိနေသည့်အခြေအနေတွင်ပင် တရုတ်နိုင်ငံ၏ပြည်ပကုန်သွယ်ရေးသည်တည်ငြိမ်စွာတိုးတက်နေဆဲဖြစ်သည်။ ကုန်ပစ္စည်းတင်သွင်း/တင်ပို့မှုစုစုပေါင်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး "Belt and Road" မိတ်ဖက်နိုင်ငံများနှင့်ကုန်သွယ်မှုသည် ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်သဖြင့် နိုင်ငံ၏စုစုပေါင်း ကုန်သွယ်မှု ပမာဏ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုခဲ့သည်။

ထို့ပြင် တစ်ဦးချင်းစီ၏အသုံးချနိုင်သောဝင်ငွေ(per capita dispos able income)သည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အချက်အလက်များတွင်ဖော်ပြထားပြီး အိမ်ထောင်စုဝင်ငွေများ (household incomes) တဖြည်းဖြည်းကောင်းမွန်လာနေကြောင်းကို ပြသနေသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြည်တွင်းနှင့် ပြည်ပစီးပွားရေးပတ်ဝန်းကျင်တွင် ရှုပ်ထွေးသောပြောင်းလဲမှုများရှိနေလည်း တရုတ်နိုင်ငံ၏စီးပွားရေးသည် ဖိအားများအောက်တွင် ရှေ့သို့တက်လှမ်းနိုင်ခဲ့ပြီး မောင်းနှင်အားအသစ်များ(new drivers)နှင့် အရည်အသွေးမြင့်မားမှု(higher quality)ဆီသို့ ဦးတည်နေကြောင်းနှင့် တရုတ်နိုင်ငံသည် ယခုနှစ်အတွက် ၎င်း၏ အဓိကစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုပစ်မှတ်များကို အောင်မြင်စွာပြည့်မီခဲ့ကြောင်း NBS အမှုဆောင်အရာရှိချုပ်ကန်ယီ(Kang Yi)က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အနာဂတ်တွင်တရုတ်နိုင်ငံသည် ပြည်တွင်းဝယ်လိုအား(domestic demand)ကိုချဲ့ထွင်ရန်၊ အရည်အသွေးမြင့် ထုတ်လုပ်မှုစွမ်းအားသစ်များ (new quality productive forces)ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စည်းလုံးညီညွတ်သော အမျိုးသား ဈေးကွက် (unified national market) ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ပိုမိုတက်ကြွပြီး ထိရောက်သော မက်ခရို စီးပွားရေး မူဝါဒများကို အကောင်အထည်ဖော်သွားမည်ဖြစ်ပြီးထိုသို့ဖြင့် စဉ်ဆက်မပြတ်စီးပွားရေးတိုးတက်မှုကိုရရှိစေရန် ရည်ရွယ်ထားကြောင်း ကန်ယီက မှတ်ချက်ပြုပြောကြားခဲ့သည်။

**Source : https://news.cgtn.com/news/2026-01-19/China-s-GDP-expands-5-0-in-2025-1K3ePJUzkFW/p.html**

**(လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Jan. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,842 (Shares) | 13,453,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,500 | 8,500 | 8,400 | 135 | 1,136,700 | 33,109,694 | 278,121 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 508 | 1,930,400 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 100 | 800,000 | 10,400,986 | 83,208 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 746 | 2,088,800 | 29,664,613 | 83,061 |
| TMH | 00005 | 3,300 | -50 | -1.49% | 3,200 | 3,300 | 3,150 | 6 | 19,450 | 12,823,224 | 42,317 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 1,894 | 3,038,400 | 19,977,223 | 32,962 |
| AMATA | 00007 | 4,200 | +100 | +2.44% | 4,200 | 4,200 | 4,200 | 5 | 21,000 | 10,497,598 | 44,090 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,100 | 3,100 | 3,050 | 1,448 | 4,418,700 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 22nd Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.81 | +0.77 | +0.19% | 417.35 | 417.67 | 415.81 | 4,842 | 13,453,450 | 8 | 784,295 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 22nd Jan. 2026

| Trading Volume | Trading Value |
|---|---|
| 20,353 (Shares) | 53,944,650 (MMK) |

## Main Board

As of 1:00 pm, 22nd Jan. 2026

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 4,842 (Shares) | 13,453,450 (MMK) |

| MYANPIX | 415.81 ▲0.77 |
|---|---|
| Total Volume (shares) | 4,842 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 784,295 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲0 |
| MTSH | 00002 | 3,800 | ▲0 |
| MCB | 00003 | 8,000 | ▲100 |
| FPB | 00004 | 2,800 | ▲0 |
| TMH | 00005 | 3,300 | ▼50 |
| EFR | 00006 | 1,650 | ▲0 |
| AMATA | 00007 | 4,200 | ▲100 |
| MAEX | 00008 | 3,050 | ▲0 |